အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ အို -

အာဒမ်၏သား သင်သုံးစွဲလှူဒါန်းပါ၊ သင့်အပေါ်ပြန်လည်သုံးစွဲခြင်းခံရမည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်။ အလ္လာဟ်အရှင်မြတ်က
မိန့်ကြားတော်မူသည်မှာ အို - အာဒမ်၏သား သင်သုံးစွဲလှူဒါန်းပါ၊ သင့်အပေါ်ပြန်လည်
သုံးစွဲခြင်းခံရမည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ပြောကြားတော်မူသည်မှာ ဧကန်အမှန်ပင်အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်။ အို - အာဒမ်၏သား (ဝါဂျိဗ်တာဝန်ထိုက်သည့်အလှူဒါနနှင့် နဖ်လ် အလှူဒါနတို့တွင်) သင်သုံးစွဲလှုဒါန်းပါ ငါအရှင်မြတ်သည် သင့်အားရိုဇီရိက္ခာကျယ်ဝန်းစွာ ချီးမြှင့်တော်မူမည်။ ဤသုံးစွဲမှုအပေါ်အစားပြန်လည်ပေးသနားကာ ဘရကသ်မင်္ဂလာ ချီးမြှင့်တော်မူမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5805